MHSP

မဟာစာပေ

အမှတ် ၁၅၂၊ ဖေယျာသုခလမ်း၊ က–ရပ်ကွက်၊ သုဝဏ္ဏ
သဃ်ာန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။

**၀၉ ၄၅၀၆၂၃၃၈၃ ၊ ၀၉ ၄၅၀၆၂၃၃၈၄**

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

ထုတ်ဝေခြင်း **တတိယအကြိမ်**

**မတ်လ၊ ၂၀၂၅ ခုနှစ်**

စောင်ရေ **၁၀၀၀**

မျက်နှာဖုံးဒီဇိုင်း **မိုးထက်မိုး**

ထုတ်ဝေသူ **ဒေါ်သိမ့်သူစိုး (၀၁၂၈၅)**

ပုံနှိပ်သူ **ဦးဝင့်ပိုလ်ပိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၈၁၃၆၃၆**

**အမှတ်-၁၉၄-၁၉၆၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

စာစစ် **ချစ်ခိုင်စံ**

စာအုပ်ချုပ် **ကိုမဲ (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇**

ဖြန့်ချိရေး **မဟာစာပေ**

**အမှတ်-၁၅၂၊ ဗေယျသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄**

တန်ဖိုး **၄၅၀၀ ကျပ်**

**အောင်သင်း**

**တစ်ခါတုန်းကတပည့်တွေ နှင့်အခြားပင်ကိုယ်ရေးဆောင်းပါးများ ၊** အောင်သင်း
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၅
စာ ၇၂ ၊ ၂၀.၅ × ၁၂.၅ စင်တီ
**(၃) တစ်ခါတုန်းက တပည့်တွေနှင့် အခြားပင်ကိုယ်ရေးဆောင်းပါးများ**

# တစ်ခါတုန်းက တပည့်တွေ

နှင့်

အခြားပင်ကိုယ်ရေးဆောင်းပါးများ

## **အောင်သင်း**

မဟာစာပေ (စာစဉ် – ၁၄၁)

# မာတိကာ


| | |
|---|---|
| ၁။ အမှာစာ | ၇ |
| ၂။ ထဘီသင်ခန်းစာ | ၁၁ |
| ၃။ နှလုံးသားပရိယာယ် | ၁၉ |
| ၃။ သူများဖြစ်ရင် | ၃၁ |
| ၄။ တစ်ခါတုန်းက ပတ်ဝန်းကျင် | ၃၉ |
| ၅။ တခြား စာမျက်နှာ | ၄၅ |
| ၆။ ကလေးတွေဖို့ မုန့်ဖိုး | ၅၅ |
| ၇။ ဘဝပစ်မှတ် | ၆၁ |

# အမှာစာ

'တစ်ခါတုန်းက တပည့်တွေ' ကို ဤသို့ စုစည်းပြီး ထုတ်ဝေရန် အကြိမ်ကြိမ် တိုက်တွန်းသူမှာ ကဗျာဆရာ ကံထွန်းသစ် ဖြစ်ပါသည်။ ထို့ပြင် သူက 'ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ' သဘောပဲနော်ဟုလည်း ပြောပါသေးသည်။

သူ ပြောသည်မှာ မှန်ပါသည်။ သို့သော် ကျွန်တော် မူလ ရေးခဲ့စဉ်က 'ဆရာကြီး ဦးဖိုးကျားလို ငါလည်း ကိုယ်တွေ့တွေကို ရေးဦးမှပဲ' ဟူသော ရည်ရွယ်ချက် မရှိခဲ့ပါ။ တကယ့်ကို ကိုယ်တိုင်ကြုံရသည့် အကြောင်းများကို ရေးချင်စိတ် တဖွားဖွား ပေါ်နေ၍သာ ရေးလိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခု ကံထွန်းသစ်က မှတ်ချက်ချလိုက်သော အခါတွင်မှ ဆရာကြီးကိုယ်တိုင်လည်း သူ့ခေတ်သူ့အခါတွင် လူငယ်တွေနှင့် ပတ်သက်ပြီး ပြောချင်စိတ်၊ ဆိုချင်စိတ် တဖွားဖွား ပေါ်နေခဲ့ရှာပေလိမ့်မည်ဟု တွေးလိုက်မိပြီး ဆရာကြီး ဦးဖိုးကျားကို ကြည်ညိုခြင်းအသစ် ဖြစ်မိပြန်ပါသည်။

ဤသည်မှာ ဆရာကြီး၏ စေတနာကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ အရေးအသားကို ပြောလိုက်ကြမည်ဆိုလျှင် ယခုထက်တိုင် သူ့စာများသည် ခေတ်မီနေဆဲ၊ ဖတ်လို့ကောင်းနေဆဲပင် ဖြစ်သည်။ ဝတ္ထုတို

အရေးအသားတွေ၊ ပုံစံတွေ ဘယ်လောက်ပဲ ပြောင်းနေနေ သူ့စာတွေက ခေတ်မီနေဆဲ ဖြစ်သည်မှာ အံ့ဩစရာပင် ကောင်းနေပါသေးသည်။ 'အခမဲ့ ကူလီထမ်းခြင်း အကျိုး' ထဲက မောင်သောင်း၏ ဖခင်က ရေးလိုက်သည့် စာကိုဆိုလျှင် ကျွန်တော် အတော်များများ နှုတ်လွတ်ရနေတော့သည်။ ဤမျှထိအောင် စွဲလမ်းမိပါသည်။

ဆရာကြီးအကြောင်း နောက်တစ်ဆင့် ပြောလိုက်ပါရစေဦး။ ရှေးခေတ်က မြန်မာစာရေးဆရာတို့သည် ဝါကျရှည်ကြီးများ၊ စကားလုံး ခံ့ခံ့ထည်ထည်ကြီးများ၊ ကာရန် နသေများကို လှိုင်လှိုင်ကြီးသုံးပြီး ရေးတတ်ကြသည်။ ထိုခေတ် ထိုအခါကို အံတုလျက် ဝါကျတိုများ၊ သာမန် အရပ်သုံး စကားများကို ထိထိမိမိဖြစ်အောင် ရေးခဲ့ကြသည့် စာပေရေးဟန် အပြောင်းအလဲ လှုပ်ရှားမှုကြီးတွင် ဆရာကြီးသည် တပ်ဦးမှ ခံ့ခံ့ကြီး ပါဝင်ခဲ့သည့် စာရေးဆရာကြီး ဖြစ်သည်။

ထို့ကြောင့် ကျွန်တော့် စာများကို ကဗျာဆရာ ကံထွန်းသစ်က 'ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ' နှင့် ယှဉ်လိုက်သောအခါ နှစ်သက်သာယာခြင်း ဖြစ်မိသည်မှာ မှန်သော်လည်း စိတ်ထဲက 'မဆိုင်ဘူးနော်' ဟု ကိုယ့်ဘာသာ ပြောနေမိပါသည်။

ကိုယ့်အထွာနှင့်ကိုယ် ဆိုသလို ကျွန်တော်လည်း ကျောင်းဆရာဘဝတွင် ကိုယ်ကြုံခဲ့သမျှ ကလေးတွေကို ရေးလိုက်ရပါသည်။ သက်ဆိုင်ရာ ကာယကံရှင်တို့ကို ထောက်ထား၍ အမည်နာမ၊ နေရပ် စသည်တို့ကို ပြောင်းလဲထားရပါသည်။ ထို့မှမက တချို့သော ဖြစ်ရပ်ကလေးများဆိုလျှင်လည်း မူလ တကယ့် ဖြစ်ရပ်အတိုင်း တင်ပြရန် မသင့်သောကြောင့် မသိမသာ ပြောင်းလဲလိုက်ရသည်များလည်း ရှိပါသည်။ သို့သော် ပဓာန အာဘော်များကား ကျွန်တော် တကယ်ကြုံတွေ့ခဲ့ရသည်များသာ ဖြစ်ပါသည်။

ကျွန်တော်က ကျောင်းဆရာပါ။ ကျောင်းသားလူငယ်တို့ ကျွေးသော ထမင်းကိုစားပြီး အသက် ရှင်သန်လာခဲ့ရသူပါ။ သူတို့ ကျေးဇူးလည်း ကြီးပါသည်။ ကျေးဇူး သိတတ်ဖို့ ခက်ပါသည်။ ကျေးဇူးကို ဆပ်နိုင်ဖို့က ပိုပြီးခက်ပါသည်။ ယခု ဤစာများသည် ကျွန်တော့်ကို ကျေးဇူးပြုခဲ့သည့် ကျောင်းသားများ၊ လူငယ်များအတွက် ရည်စူးပါသည်။

ကျွန်တော် အသက် ကြီးပါပြီ။ အိုမင်းမစွမ်း ဘဝသို့ ရောက်လု


နီးပါပြီ။ ကျွန်တော် အားကိုးစရာ ရှာလိုက်တော့ လူငယ်တွေကိုပဲ မြင်သည်။ ကိုယ်မှ မစွမ်းတော့ပဲကိုး။ ကျွန်တော် အားကိုးသည့် လူငယ်တွေ စွမ်းစေချင်သည်။ ထက်စေချင်သည်။ သူတို့ စွမ်းဖို့အတွက်၊ သူတို့ ထက်ဖို့အတွက် သူတို့လို လူငယ်တွေရဲ့ အကြောင်းကို ကျွန်တော် ရေးပစ်လိုက်သည်။ သူတို့ချင်း နားလည်ကြပေါ့။

သူတို့အချင်းချင်း နားလည်ပြီး တစ်ယောက်အမှားကို တစ်ယောက်က သင်ခန်းစာ ယူနိုင်ကြလျှင်၊ တစ်ယောက်ရဲ့ အမှန်ကို တစ်ယောက်က သင်ခန်းစာ ယူနိုင်ကြလျှင် ကျွန်တော် ကျေနပ်ပါပြီ။ ကျွန်တော် လူငယ်စာဖတ် ပရိသတ်ကို တစ်ခုပဲ ပြောလိုက်ချင်ပါသည်။ 'မင်းတို့ချင်း နားလည်ကြပါ၊ စာနာကြပါ'။ ဒါပါပဲ။

အောင်သင်း

၃၊၈၊၉၇

■



# ဆရာအောင်သင်း

## ကိုယ်ရေးအကျဉ်း

၁၉၂၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်နေ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ အမည်အရင်းမှာလည်း “အောင်သင်း”ပင်ဖြစ်သည်။

အသက် ၅ နှစ်သားအရွယ်တွင် တောင်ပြင်ရပ်ရှိ ဆရာဦးသာဒွန်း၏ မူလတန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်းအောင်မြင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိမြန်မာ အထက်တန်းကျောင်းတွင် အလယ်တန်းပညာ ဆက်လက်သင်ကြားခဲ့သည်။ ဆဋ္ဌမတန်းတွင် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်နှင့် ကြုံခဲ့သည်။ ထိုနှစ်၌ မိခင်ကွယ်လွန်သည်။

သတ္တမတန်း၌ ပညာသင်ကြားနေစဉ်တွင် ပညာဘက်၌ အာရုံလျော့နည်းလာသဖြင့် စာမေးပွဲကျရှုံးခဲ့သည်။ ထို့နောက် ကျောင်းထွက်နေစဉ်ဖခင် နောက်အိမ်ထောင်ပြုသည်။ ၁၉၄၁ ခုနှစ်တွင် ရှင်သာမဏေဝတ်သည်။ သာမဏေဘဝနှင့် ပညာသင်နေစဉ် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ သာမဏေဘဝမှ ထွက်လိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့

သို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် ဆိုရှယ်လစ်ပါတီသို့ ရောက်သွားပြီး သင်တန်းများတက်၍ ခရိုင်စည်းရုံးရေးမှူးအဆင့်ထိတိုင်အောင် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခုနှစ် ရောင်စုံသူပုန်များ ပေါ်ပေါက်လာချိန်၌ ရဲဘော်ဖြူများ၏ ဖမ်းဆီးခြင်းခံရကာ မကွေးထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်များတွင် နေထိုင်ခဲ့ရပြီး ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလတွင် သရက်ထောင်ကိုဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၁၉၅၂ ခုနှစ်ရောက်မှ တောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုရာ ထိုနှစ်မှာပင် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလတွင် မိုးထိအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် အလုပ်မှထွက်၍ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်းကို စတင်တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ၁၉၆၀ ခုနှစ်တွင် ဝိဇ္ဇာတန်းကို မြန်မာဘာသာစကားနှင့်အနုစာပေ၊ အင်္ဂလိပ်ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဗေဒဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဘီအီးဒီ ဆက်တက်နေစဉ် မြန်မာစာဌာနပါမောက္ခဦးဝန်၏လက်ထက်၌ မဟာဝိဇ္ဇာအရည်အချင်းစစ်စာမေးပွဲဖြေခွင့်ပေါ်လာခဲ့သောကြောင့် မြန်မာစာမဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်းတက်ရောက်ခွင့်ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် မော်လမြိုင်ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရသည်။ ၁၉၆၅ ခုနှစ်၊ မေလတွင် ပြင်ဦးလွင်စစ်တက္ကသိုလ်၊ မြန်မာစာဌာနသို့ လက်ထောက်ကထိကရာထူးနှင့် ပြောင်းရွှေ့ အမှုထမ်းရသည်။ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်ပြောင်းရပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက်တက်ရောက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် "ဝတ္ထုတိုလေ့လာချက်စာတမ်း"ပြုစုတင်ပြပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။

၁၉၅၉ ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံရသော သရက်ထောင်ဖောက်ခဲ့စဉ်က ဆောင်းပါးသည် အောင်သင်း၏ ပထမဆုံးလက်ရာဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင်ရေးပြီး ရှုမဝသို့ ဦးစွာပေးပို့ခဲ့သည်။

ရှုမဝအယ်ဒီတာအဖွဲ့က ပြည်တွင်းစစ်နှင့်ပတ်သက်သော အကြောင်းအရာများကို မထည့်ရန် ဆုံးဖြတ်ထားသောကြောင့် ပြန်ပို့ပေးခဲ့သည်။ အတန်ကြာမှ မြဝတီသို့ပို့ခဲ့ရာ မြဝတီက ဖော်ပြခဲ့ခြင်းဖြစ်သည်။

၁၉၆၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများထုတ်ဝေသော ပုသိမ်မဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ် (လူသေလူမဖြစ်မီက သျှင်ဥက္ကဋ္ဌဟူသော ဆောင်းပါးနှင့် အခြားဆောင်းပါးတစ်ပုဒ်)နှင့် အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ပုဒ်ကို ရေးသားခဲ့သည်။ လူတစ်ဦး၏စာမူသုံးပုဒ်ဖော်ပြရန် မသင့်ဟု ဆုံးဖြတ်သောကြောင့် Henery Davibes ၏ The Welcome ကဗျာတွင် "မောင်သံနိုင်"ဟူသော အမည်နှင့် ဖော်ပြခဲ့သည်။

၁၉၆၂ ခုနှစ်တွင် "စာဆိုတော်"ဟူသော ပြားငါးဆယ်တန် မဂ္ဂဇင်းကလေး ထွက်လာခဲ့ဖူးသည်။ ထိုမဂ္ဂဇင်း၏ စာပေညွှန်ကြားရေးမှူးအဖြစ် တာဝန်ခံခဲ့သည်။ (တာဝန်ခံအယ်ဒီတာမှာ တပ်မတော်မင်းရဲထွန်းဖြစ်သည်) ထိုစာစောင်တွင်လည်း လစဉ် သုံးလေးပုဒ် ရေးရသောကြောင့် "မောင်သံနိုင်" ကို တစ်ခါ ထပ်ပြီး သုံးလိုက်သေးသည်။ သို့သော် နောက်ပိုင်းတွင် အောင်သင်းမှတစ်ပါး အခြား မည်သည့်နာမည်ကိုမျှ မသုံးတော့ပါ။ နာမည်ရင်းအတိုင်းသာ ရေးခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကံ့ကော်မြိုင်စာတမ်းများစာစု၌ စာတမ်းသုံးပုဒ်ရေးခဲ့ရာ နှစ်ပုဒ်ကို ထိုစဉ်က အထက်တန်း၊ အလယ်တန်း မြန်မာစကားပြေလက်ရွေးစင်တို့တွင် ကျောင်းသားစာအဖြစ် ပြဋ္ဌာန်းခဲ့သည်။

၁၉၆၆ ခုနှစ် ပတ်ဝန်းကျင်တွင် "စိတ်ပင်လယ်စာတမ်းများ"အတွက် စာတမ်းငယ်နှစ်ပုဒ် ရေးပေးခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရှုမဝ၌ "မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ" ဟူသော စာပေဝေဖန်ရေး ဆောင်းပါးကို ရေးခဲ့သည်။ ထိုအချိန်မှစ၍ စာပေသဘောတရား၊ စာပေဝေဖန်ရေးများကို ဆက်တိုက်ရေးခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် "စာပေရေးရာဆောင်းပါးများ"အမည်ရှိ စာပေဆောင်းပါးစာစုကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလတွင် သဘင်မဂ္ဂဇင်း အမှတ်(၁) မှစ၍ ၂၅ လတိုင်တိုင် "အကြိုက်ဆုံးဝတ္ထုတို"ကဏ္ဍကို လစဉ်ရေးသားခဲ့သည်။

၁၉၇၈ ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေးလှုပ်ရှားမှု၌ ပါဝင်ပတ်သက်သည်ဟု မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ယူဆသောကြောင့် အလုပ်မှ ထုတ်ပယ်ခြင်း ခံရသည်။

၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် အလွတ်နည်းပြသင်တန်းများ၌ မြန်မာစာသင်ပေးခြင်း၊ စာပေရေးသားခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

ထို့နောက် အခါအားလျော်စွာ စာပေဟောခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ စာပေဝေဖန်ရေးဆောင်းပါးများ ရေးသားခြင်း၊ လူငယ်များအတွက် စာကြည့်သင်းယဉ်ကျေးမှု ထွန်းကား ဖွံ့ဖြိုးရေးအတွက် ဆော်ဩရေးသားဟောပြောခြင်း၊ ပညာရေးဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ သုတရသစာပေများ ရေးသားခြင်း၊ ယနေ့တိုင် လူငယ်များ၏ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝများ ကိုယ်ရည်ကိုယ် သွေးတောက်ပြောင် စိမ်းလန်းရေးအတွက် စာပေရေးသားဟောပြောခြင်း အားဖြင့် စာပေအနုပညာ၌ ဘဝကိုမြှုပ်နှံကာ အချိန်ပြည့် စာရေးဆရာအဖြစ် သက်ဝင်ရှင်သန်နေထိုင်ရင်း ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ ၂၅ ရက်နေ့ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

■